မြန်မာ့အမျိုးသမီးသမဂ္ဂ Burmese Women's Union | YCOWA | STUM

# မတ်လ ၈ ရက်နေ့ နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် အလုပ်သမားအဖွဲ့များ ပူးတွဲထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ၈ ရက် မတ်လ ၂၀၂၂

ယနေ့ မတ်လ ၈ ရက်နေ့ ၂၀၂၂ တွင် ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့တွင် မြန်မာနိုင်ငံတွင်းမှ စစ်အာဏာရှင်ချုပ်ငြိမ်းရေးအတွက် ကြိုးပမ်းတော်လှန်ရင်း အသက်ဆုံးရှုံးသွားခဲ့ရသည့် သူရဲကောင်းများနှင့် ရင်သွေးများဆုံးရှုံးခဲ့ရသည့် ပူဆွေးနေရသော သူရဲကောင်းမိခင်များအား လေးစား အသိအမှတ်ပြု ဂုဏ်ပြုအပ်ပါသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ခဲ့သည့် မတရားအာဏာသိမ်းမှုကြောင့် ယနေ့ မတ်လ ၈ ရက်နေ့ရောက်သည်အထိ စစ်အာဏာရှင် အမြစ်ပြုတ် ချေမှုန်းနိုင်ရေး ကြိုးပမ်းနေသော တနိုင်ငံလုံးရှိ လက်နက်မဲ့ပြည်သူများသည် စစ်တလင်းပြင်ကဲ့သို့ အကြမ်းဖက်ဖြိုခွင်းခံရခြင်းများရှိနေသည်။

လက်နက်မဲ့ လူငယ် အမျိုးသားများ အပါအဝင် လူငယ်အမျိုးသမီးများ အသက်ဆုံးရှုံးမှုများ၊ အကြမ်းဖက် နှိပ်စက်ဖမ်းဆီးမှုများ၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သည့် အမျိုးသမီးများအား ကာယိန္ဒြေပျက်ပြားစေခြင်းများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်သည့် အပြုအမူနှင့် အပြောအဆိုများ စသည်ဖြင့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်လျက်ရှိနေပေသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်များနှင့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြင်းထန်စွာ ရှုတ်ချပါသည်။

စစ်အာဏာရှင်ဖြုတ်ချရေးအတွက်တိုက်ပွဲဝင်မည့် နိုင်ငံတနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ဒေါက်တိုင်များဖြစ်ကြသည့် အလုပ်သမားအမျိုးသမီးများ အပါအဝင် အမျိုးသားများ အထူးသဖြင့် စက်ရုံအလုပ်သမားများအား လုပ်ခလစာဖြတ်တောက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့အပါအဝင် အလုပ်သမားအခွင့်အရေး၊ လူ့အခွင့်အရေး ချိုးဖောက် နေမှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါသည်။

မိမိတို့ အနေဖြင့် CRPH မှ ထုတ်ပြန်လိုက်သော နိုင်ငံရေး ရည်မှန်းချက် ၄ ချက်အား ကြိုဆိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်ရန်နှင့် ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရန်အတွက် CRPH မှ တိုင်းရင်းသားများ၏ လိုလားချက်၊ တောင်းဆိုချက်များအပေါ်ကိုလည်း အခြေခံကာ ၎င်းရည်မှန်းချက် ၄ ရပ်အား ပြည့်ပြည့်ဝဝ အကောင် အထည်ဖော်ဆောင်သွားရန် အလေးနက်တိုက်တွန်းအပ်ပါသည်။

ထို့အပြင် မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂများနှင့် အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံရှိ မိခင်များ၊ သက်ငယ်၊ သက်လတ်၊ အလုပ်အကိုင် မခွဲခြားဘဲ အမျိုးသမီးထုတစ်ရပ်လုံးနှင့်အတူ စစ်အာဏာရှင်အမြစ်ပြတ်သည်အထိ နည်းမျိုးစုံ ဖြင့်တော်လှန်သွားမည်ဖြစ်ကြောင်း ယနေ့ မတ်လ ၈ ရက်နေ့ နိုင်ငံတကာ အမျိုးသမီးများနေ့တွင် ထပ်လောင်း ကတိပြုလိုက်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် အလုပ်သမားအဖွဲ့အစည်းများ